## Third Sunday of Advent YEAR C

### 1st READING: *Zep 3:14-18a*

ဇေဖနိအနာဂတ္တိကျမ်း ၃း၁၄–၁၈

အိုဇိအုန်သတို့သမီး၊ သီချင်းဆိုလော့။ အိုဣသရေလအမျိုး၊ကြွေးကြော်လော့။ အိုယေရုရှလင်သတို့သမီး၊ စိတ်နှလုံးအကြွင်းမဲ့ဝမ်းမြောက်ရွှင်လန်းလော့။ ထာဝရဘုရားသည်သင်၏အပြစ်ဒဏ်တို့ကိုပပြောက်စေ၍၊ သင်၏ရန်သူတို့ကိုပယ်ရှားတော်မူပြီ။ ဣသရေလအမျိုး၏ရှင်ဘုရင်ထာဝရဘုရားသည်သင့်အလယ်၌ရှိတော်မူ၏။ သင်သည်နောက်တဖန်ဘေးဥပဒ်နှင့်မတွေ့မကြုံရ။ မစိုးရိမ်နှင့်ဟုယေရုရှလင်မြို့အားငှင်း၊လက်အားမလျော့စေနှင့်ဟု၊ ဇိအုန်တောင်အားငှင်းထိုအခါဆိုရ၏။ သင်၏ဘုရားသခင်ထာဝရဘုရားသည်သင့်အလယ်၌ရှိ၍၊ တန်ခိုးကြီးသောဘုရားသည်သင့်ကိုကယ်တင်တော်မူလိမ့်မည်။ သင်၌အားရ၍ဝမ်းမြောက်တော်မူလိမ့်မည်။ချစ်ခြင်းမေတ္တာ၌ကျိန်းဝပ်၍၊ သီချင်းဆိုခြင်းနှင့်တကွသင်၌ဝမ်းမြောက်တော်မူလိမ့်မည်။ ကဲ့ရဲ့ခြင်းဝန်ကိုသင်ထမ်းရာအကြောင်းတည်းဟူသော၊ သင်နှင့်ဝေး၍ဓမ္မပွဲကိုမခံရဘဲညှိုးငယ်လျက်ရှိသောသူတို့ကိုငါစုဝေးစေမည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဋ်တော်ပေတည်း။

## Responsorial Psalm  Is 12:2-3,4, 5-6

ဆာလံကျမ်း   ဟေရှာယအနာဂတ္တိကျမ်း   ၁၂း ၂–၃၊ ၄၊ ၅–၆

**သံပြိုင်။ ။** ဝမ်းမြောက်သဖြင့်အော်ဟစ်လော့။ အကြောင်းမူကား၊ဣသရေလအမျိုး၏သန့်ရှင်းသောဘုရားသည်သင်၏အလယ်၌ဘုန်းကြီးတော်မူ၏ဟုမြွက်ဆိုရလိမ့်မည်။

၁။ ဘုရားသခင်သည်ငါ့ကို ကယ်တင်သောအရှင်ဖြစ်တော်မူ၏။ ကြောက်လန့်သောစိတ်မရှိဘဲ ရဲရင့်မည်။ ထာဝရဘုရားသည် ငါချီးမွမ်းရာ၊ ငါသီချင်းဆိုရာ၊ ငါ့ကိုကယ်တင်တော်မူသောအရှင်ဖြစ်တော်မူ၏။ သင်တို့သည်ဝမ်းမြောက်သောစိတ်နှင့်ကယ်တင်ခြင်းစမ်းရေတွင်းတို့၌ရေခပ်ရကြလိမ့်မည်။ (**သံပြိုင်။ ။**)

၂။ ထိုကာလ၌လည်းထာဝရဘုရား၏ဂုဏ်တော်ကိုချီးမွမ်းကြလော့။ နာမတော်ကိုပဌနာပြုကြလော့။ အမှုတော်တို့ကိုလူများတို့တွင်ဘော်ပြကြလော့။ နာမတော်သည်မြင့်မြတ်သောကြောင့် ချီးမွမ်းကြလော့။ (**သံပြိုင်။ ။**)

၃။ ထာဝရဘုရားကို ထောမနာသီချင်း ဆိုကြလော့။ ထူးဆန်းသောအမှုကို ပြုတော်မူပြီ။ အမှုတော်သည် မြေတပြင်လုံး၌ထင်ရှားပါစေ။ ဇိအုန်သတို့သမီး၊ကြွေးကြော်လော့။ ဝမ်းမြောက်သဖြင့်အော်ဟစ်လော့။ အကြောင်းမူကား၊ဣသရေလအမျိုး၏သန့်ရှင်းသောဘုရားသည်သင်၏အလယ်၌ဘုန်းကြီးတော်မူ၏ဟုမြွက်ဆိုရလိမ့်မည်။ (**သံပြိုင်။ ။**)

## 2nd READING: *Phil 4:4-7*

ဖိလိပ္ပိသြဝါဒစာ ၄း ၄-၇

သခင်ဘုရား၌အစဉ်မပြတ်ဝမ်းမြောက်ရွှင်လန်းခြင်းရှိကြလော့။တဖန်ငါဆိုသည်ကားဝမ်းမြောက်ကြလော့။ လူအပေါင်းတို့၏ရှေ့၌သင်တို့၏နူးညံ့သိမ်မွေ့သောစိတ်သဘောကိုထင်ရှားစေကြလော့။ သခင်ဘုရားသည်အနီးအပါး၌ရှိတော်မူ၏။ မည်သည့်အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲခပ်သိမ်းသောအမှုတို့၌ကျေးဇူးတော်ကိုချီးမွမ်းခြင်းကိုပြု၍ဆုတောင်းပတ္တနာပြုလျက်သင်တို့လိုလားသောအရာများကိုဘုရားသခင်အားလျှောက်ထားကြလော့။ ထိုသို့ပြုလျှင်မည်သူမျှကြံဆနားလည်းရန်မစွမ်းနိုင်သောဘုရားသခင်၏ငြိမ်သက်ခြင်းသည်ခရစ်တော်ယေရှုအားဖြင့်သင်တို့၏စိတ်နှလုံးကိုစောင့်မတော်မူလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: Lk 3: 10-18

ရှင်လုကာဧဝံဂေလိကျမ်း ၃း၁၀–၁၈

လူအစုအဝေးတို့ကလည်းဤသို့ဖြစ်လျှင်ကျွန်ုပ်တို့သည်မည်သည့်အရာကိုပြုရမည်နည်းဟုမေးကြသော်။ ယောဟန်က အင်္ကျီနှစ်ထည်ရှိသောသူသည်မရှိသောသူအားပေးကမ်းစေ။ အစားအစာရှိသောသူသည်လည်းထိုအတူပြုစေဟုပြန်ပြောလေ၏။ အခွန်ခံသူတို့သည်လည်းဆေးကြောခြင်းခံအံ့သောငှာယောဟန်ထံသို့ရောက်လာကြ၍၊ ဆရာသခင်ကျွန်ုပ်တို့သည်မည်သည့်အရာကိုပြုရပါမည်နည်းဟုမေးကြလျှင်ယောဟန်ကသင်တို့သည်သတ်မှတ်ထားသောအခွန်ငွေထက်ပို၍မကောက်ခံကြနှင့်ဟုဆိုလေ၏။ စစ်သူရဲတို့ကလည်းကျွန်ုပ်တို့သည်မည်သည့်အရာကိုပြုရပါမည်နည်းဟုမေးမြန်းကြသော် ယောဟန်ကသင်တို့သည်အနိုင်အထက်ပြုဖြင့်လည်းကောင်း၊ မတရားစွပ်စွဲခြင်းဖြင့်လည်းကောင်းသူတစ်ပါးထံမှလုယူခြင်းကိုမပြုကြနှင့်။ သင်တို့ရရှိသောလစာဖြင့်ကျေနပ်ရောင့်ရဲကြလော့ဟု ပြန်ဖြေလေ၏။ လူများသည်ကားယောဟန်သည်ခရစ်တော်ဖြစ်မည်လောဟုအသီးသီးမိမိတို့စိတ်နှလုံးတွင်မေးမြန်းလျက်၊ သူနှင့်ပတ်သက်၍မျှော်လင့်နေကြသောအခါ။ ယောဟန်ကငါသည်သင်တို့ကိုရေဖြင့်ဆေးကြော၏။ ငါ့နောက်တွင်ကြွလာမည့်သူသည်ငါ့ထက်ကြီးမြတ်သောကြောင့်သူ၏ခြေနင်းတော်ကြိုးကိုမျှဖြေခြင်းငှာငါမထိုက်တန်။ သူသည်သင်တို့ကိုသန့်ရှင်းသောဝိညာဉ်တော်ဖြင့်လည်းကောင်း၊ မီးဖြင့်လည်းကောင်းဆေးကြောတော်မူလိမ့်မည်။ ကိုယ်တော်၏လက်တော်တွင်ဆန်ကောပါလျက်မိမိ၏တလင်းကိုရှင်းလင်းစေတော်မူပြီးဂျုံစပါးကိုကျီ၌စုသိမ်းတော်မူလိမ့်မည်။ အဖျင်းကိုမူကားမငြိမ်းနိုင်သောမီးဖြင့်ရှို့တော်မူလိမ့်မည်ဟုဟောပြောလေ၏။ ယောဟန်သည်များစွာသောအခြားအကြောင်းအရာတို့ဖြင့်နှိုးဆော်သတိပေးလျက်ဧဝံဂေလိသတင်းကောင်းကိုလူများအားဟောပြောလေ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။